myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

September 11, 2019 — Volume 23, Number 8

**၁၁.၉.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၉၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၇၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၄/ကျပ် |
| CBM Rate | = ၁၅၂၈.၃/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၅.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၇.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၈.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၈.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၉.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၇၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၃၀၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၉၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၆၇ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၉၂၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## ငရုတ်စိုက်ပျိုးထုတ်လုပ်တင်ပို့ သူများအသင်းဖွဲ့စည်းလိုက်ပြီး ဒေသတွင်း ဈေးကွက်ချိတ်ဆက်နိုင်ရေး ကြိုးပမ်းမည်

ရောဂတီတိုင်းဒေသကြီး ငရုတ်စိုက်ပျိုးထုတ်လုပ်တင်ပို့သူများအသင်း ဖွဲ့စည်းလိုက်ပြီး ဒေသတွင်းဈေးကွက်ချိတ်ဆက်နိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အသင်း၏ဥက္ကဌ ဦးဒွေးဝင်းကပြောသည်။ ငရုတ်စိုက်ပျိုးရာမှာ မြန်မာ GAP နည်းစနစ်တွေ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်တွေ လိုက်ပါဆောင်ရွက်ဖို့ ဆက်လက်ဆောင်ရွက်သွားမယ်။ အသင်းအဖွဲ့ကနေ ဒေသတွင်း၊ ပြည်ပဈေးကွက်စတာတွေ ကို ပူးပေါင်းဆောင်ရွက်နိုင်ဖို့ပါဟု ဦးဒွေးဝင်းကပြောသည်။ လက်ရှိတွင် ငရုတ်အစို၊ အခြောက်ကို တရုတ်နှင့်ထိုင်းသို့ တင်ပို့နေခြင်းကြောင့် ဈေးကွက်ရရှိလာပြီဖြစ်သည့်အပြင် ဈေးကွက်လိုအပ်ချက်နှင့်အညီတင်ပို့နိုင်ရေး၊ အပင်ပိုးမွှားရောဂါကင်းရှင်းရေး သတ်မှတ်ချက်များလိုက်နာရေး၊ ငရုတ်သီးတွင် အများဆုံးပါဝင်သည့် မှိုရောဂါကင်းရှင်းရေး ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ရောဂတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးအောင်က ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကိုဦးဆောင်ဖို့ အသင်းအဖွဲ့တွေ လိုအပ်တယ်။ ပုဂ္ဂလိကကဏ္ဍမှာ ခိုင်ခိုင်မာမာဖြစ်လာဖို့ ပူးပေါင်းဆောင်ရွက်မှရမယ်။ တောင်းဆိုစရာတွေ လုပ်ဆောင်သင့်တာတွေ အသင်းအဖွဲ့တွေကနေ လုပ်ဆောင်လာနိုင်ဖို့လိုအပ်တယ်။ အခုဈေးကွက်ရှိလာတဲ့ငရုတ်ကို အသင်းဖွဲ့ရင်းနဲ့ နစ်စဉ်ပြည်ပကို တိုးတက်ပို့နိုင်အောင် တွန်းအားပေးကူညီသွားမယ်ဟုပြောသည်။ လက်ရှိတွင် ထိုင်းနိုင်ငံနှင့်တရုတ်နိုင်ငံသို့ တင်ပို့နေသည့် ငရုတ်များသည် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ဝင်ရောက်ပြီး ထိုမှတစ်ဆင့် ပြည်ပသို့တင်ပို့ကြကြောင်း၊ မြစ်ဝကျွန်းပေါ်ဒေသများဖြစ်သည့် မအူပင်၊ ဟင်္သာတ၊ ဂါးခယ်မ၊ ရွှေလောင်းစသည့် ဒေသများမှ ထွက်ရှိကြောင်းသိရသည်။ ငရုတ်အစိုများကို ပြည်ပသို့တင်ပို့ရာတွင် တိုက်ရိုက်အအေးခန်းအတွင်း ထည့်သွင်းသိုလှောင်၍ တင်ပို့ကြကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ငရုတ်ကို မန္တလေးတိုင်း၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကာ ပြည်ပတင်ပို့မှုထက် ပြည်တွင်းသုံးစွဲမှုမြင့်မားလျက်ရှိသည်။ ငရုတ်အမျိုးအစားပေါ်မူတည်၍ တစ်ပိဿာလျှင် ကျပ် ၃၀၀၀ မှ ၅၀၀၀ ကျပ်ကြား ရရှိပြီး မိုးကြိုငရုတ်၊ မိုးနှောင်းငရုတ်နှင့် ဆောင်းငရုတ်ဟူ၍ ခွဲခြားစိုက်ပျိုးပြီး မျိုးစေ့အမျိုးအစားပေါင်း ၂၀ ခန့်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/ 2430568190361996? __ tn__=K-R

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## အမေရိကန်နိုင်ငံ၏ ကမ္ဘာ့ယှဉ်ပြိုင်နိုင်စွမ်းအရှိဆုံး စီးပွားရေးအခြေအနေအား စင်ကာပူနိုင်ငံမှ ဖယ်ရှားလိုက်ခြင်း

စင်ကာပူနိုင်ငံသည် ၉ နှစ်တာကာလအတွင်း ဟောင်ကောင်ဒေသနှင့် အမေရိကန်နိုင်ငံတို့အားကျော်ဖြတ်၍ ကမ္ဘာ့ယှဉ်ပြိုင်နိုင်စွမ်းအရှိဆုံး စီးပွားရေးဒေသဖြစ်လာကြောင်း၊ အဆင့်မြင့်နည်းပညာ အခြေခံအဆောက်အအုံများ၊ ကျွမ်းကျင်အလုပ်သမားများရရှိနိုင်ခြင်း၊ လူဝင်မှုကြီးကြပ်ရေးဥပဒေပိုင်းတွင် အရေးသာမှုများနှင့်လုပ်ငန်းစတင်လုပ်ကိုင်မည့် စီးပွားရေးလုပ်ငန်းများအား ပံ့ပိုးကူညီပေးမှုများ အစရှိသည့် အချက်များကြောင့် စင်ကာပူနိုင်ငံသည် နံပါတ် ၁ နေရာသို့ ရောက်ရှိလာကြောင်း ဆွစ်ဇာလန်နိုင်ငံအခြေစိုက် IMD Business School ၏ နှစ်စဉ် စာရင်းတွင်ဖော်ပြထားကြောင်း၊ ၂၀၁၈ ခုနှစ်တွင် အမေရိကန် နိုင်ငံသည် နံပါတ် (၁)၊ ဟောင်ကောင်ဒေသသည်နံပါတ်(၂)နှင့် စင်ကာပူနိုင်ငံသည် နံပါတ် (၃)နေရာတွင် ရှိခဲ့ပြီး၊ ၂၀၁၉ ခုနှစ်တွင် စင်ကာပူနိုင်ငံသည် နံပါတ် (၁)၊ ဟောင်ကောင် ဒေသသည် နံပါတ်(၂)နှင့် အမေရိကန်နိုင်ငံသည် နံပါတ်(၃) နေရာတွင် ရောက်ရှိခဲ့ကြောင်း၊ အမေရိကန်နိုင်ငံ၏ အဆင့်ကျဆင်းရခြင်းမှာ အခွန်ကောက်ခံဖြတ်တောက်မှုနှင့် အဆင့်မြင့်နည်းပညာပစ္စည်းများ တင်ပို့နိုင်မှုပိုင်းတွင် အားနည်းမှုများကြောင့်ဖြစ်ကြောင်း၊ အာရှ-ပစိဖိတ်စီးပွားရေးလုပ်ငန်းများသည် ဒေသကြီး ၁၄ ခုတွင် ဒေသကြီး ၁၁ ခုပါဝင်ပြီး ၎င်းတို့၏ အဆင့်များအား ဆက်လက်တိုးတက်အောင် ထိန်းသိမ်းထားကြောင်း၊ ဟောင်ကောင်အနေဖြင့် အခွန်ကောက်ခံမှုနှင့် စီးပွားရေးမူဝါဒများကောင်းမွန်မှုနှင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာ ကောင်းမွန်မှုစသည့် အချက်များဖြင့် အားသာချက်များရှိကြောင်း၊ နိုင်ငံတကာမူဝါဒများနှင့် ကုန်သွယ်ရေးဆက်သွယ်မှုများ လျင်မြန်စွာပြောင်းလဲမှုများကြောင့် တစ်နှစ်အတွင်း ကမ္ဘာ့ဈေးကွက်မသေချာမှုများ ဖြစ်ပေါ်လာလျှက်ရှိကြောင်း၊ ဖွဲ့စည်းပုံ ကောင်းမွန်မှုများသည်လည်း ကြွယ်ဝမှုတိုးပွားစေမည့်အရာတစ်ခုဖြစ်ကြောင်း IMD World Competitiveness Center မှ Director ဖြစ်သူ Arturo Bris မှ ပြောကြားခဲ့ကြောင်း၊ ၁၉၈၉ ခုနှစ်တွင် စီးပွားရေးလုပ်ငန်း ၆၃ ခုအပေါ် အညွှန်းကိန်း ၂၃၅ ခုဖြင့် အကဲဖြတ်ဆောင်ရွက်ကြောင်း၊ အဆိုပါအချက်အလက်များတွင် အလုပ်လက်မဲ့ကိန်းဂဏန်းများ၊ စီးပွားရေး တိုးတက်မှုနှုန်းနှင့် အစိုးရ၏ ကျန်းမာရေးနှင့်ပညာရေးအပေါ် အသုံးစရိတ်သုံးစွဲမှု၊ လူမှုရေးပိုင်းပံ့ပိုးဆောင်ရွက်မှုများ၊ ကမ္ဘာလုံး ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများနှင့် အဂတိလိုက်စားမှုများအပေါ် လေ့လာမှုများပြုလုပ်ကြောင်း၊ စီးပွားရေးလုပ်ဆောင်မှုများ၊ အခြေခံအဆောက်အအုံ၊ အစိုးရ၏စွမ်းဆောင်ရည်နှင့် စီးပွားရေးပိုင်းစွမ်းဆောင်ရည်အစရှိသည့် အချက်(၄) ချက်အပေါ်တွင်မူတည်၍ စီးပွားရေးလုပ်ငန်းများအားအကဲဖြတ်ကြောင်း ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ တွင် South China Morning Post ၌ ဖော်ပြထားသည့် သတင်းအားတင်ပြအပ်ပါသည်။

**Source: စီးပွားရေးသံမှူး-ဟောင်ကောင်**

## ထိုင်းမှမွေးမြူရေးပုစွန်ဝင်ရောက်မှုမရှိ ဈေးကွက်အဝင်နည်းလာမှုတို့ကြောင့် ငါးနှင့်ပုစွန်ဈေးမြင့်တက်လာဟုဆို



ထိုင်းနိုင်ငံမှ မွေးမြူရေးပုစွန်များ စက်တင်ဘာ ၆ ရက်မှစ၍ ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးသို့ ဝင်ရောက်မှုမရှိတော့ခြင်း၊ မြန်မာနိုင်ငံအတွင်းမှ သဘာဝရေချိုပုစွန်များ ရှားပါးလာခြင်း ရေသေရက်ဖြစ်ခြင်းကြောင့် ပုစွန်ဖော့ချိတ်များ ဈေးကွက်အဝင်နည်းခြင်းကြောင့် ပုစွန်နှင့် ငါးဈေးများ ယခုလက်ရှိအချိန်တွင် မြင့်တက်လျက်ရှိကြောင်း ဈေးကွက်မှသိရသည်။ ထိုင်းနိုင်ငံက မွေးမြူရေးပုစွန်တွေကို မြဝတီနယ်စပ်ကတစ်ဆင့် ကားတွေနဲ့ ကြည့်မြင်တိုင်စံပြငါးဈေးကြီးကို လွန်ခဲ့တဲ့ လေးငါးနှစ်လောက်ကစပြီး ဝင်နေတာပါ။ တစ်နေ့ကို အလေးချိန်ပိဿာ ၁၀၀၀၀ လောက်ဝင်ပါတယ်။ ၁၂ ရာသီပတ်လုံးဝင်ပါတယ်။ ဒီလို စဉ်ဆက်မပြတ်ရာသီမရွေးဝင်နေတဲ့အတွက် ငါး၊ ပုစွန်ဈေးကွက်မှာ အများကြီးအထောက်အကူဖြစ်ပါတယ်။ အခုနိုင်ငံတော်ကနေ တရားဝင်ပိတ်တယ်၊ မပိတ်ဘူးဆိုတာတော့မသိရပါဘူး။ ထိုင်းမွေးမြူရေးပုစွန်နဲ့ ပြည်တွင်းက သဘာဝပုစွန်မဝင်တော့တဲ့အတွက် ကျန်ငါးတွေအဝယ်လိုက်ပြီး မိုးလင်းရင် စံပြငါးဈေးမှာငါးမရှိတော့ပါဘူး။ ငါးပုစွန်ဈေးတွေလည်း ပြန်တက်လာပါတယ်ဟု ကြည့်မြင်တိုင်စံပြငါးဈေးမှ ငါးဒိုင်လုပ်ငန်းရှင်တစ်ဦးက မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောဆိုသည်။

ကြည့်မြင်တိုင်စံပြငါးဈေး ငါးသယ်ပို့လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူကလည်း ဒီကိစ္စကိုနိုင်ငံတော်အပိုင်းက ထိထိရောက်ရောက်ကိုင်တွယ်စေချင်ပါတယ်။ ထိုင်းမွေးမြူရေးပုစွန်တွေကို ဓာတုဗေဒဆေးတွေသုံးထားမထား FDA ကနေ စစ်ဆေးစေချင်ပါတယ်။ ကျန်းမာရေးမထိခိုက်ဘူးဆိုရင် စနစ်တကျတင်သွင်းခွင့်ပြုသင့်ပါတယ်။ နိုင်ငံတော်အတွက်လည်း အခွန်အခတွေရရှိပြီး စားသုံးသူတွေလည်း ဈေးသက်သာစွာ စားသုံးနိုင်မှာဖြစ်ပါတယ်။ ငါး၊ ပုစွန်ဈေးကွက်လည်းတည်ငြိမ်နိုင်ပါတယ်ဟု သုံးသပ်ပြောဆိုသည်။ စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် နေပြည်တော် အဂတိတိုက်ဖျက်ရေးကော်မရှင်၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် FDA သို့ လိပ်မူပြီး ထိုင်းနိုင်ငံမှ ဓာတုဗေဒဆေးဝါးများ အသုံးပြုထားသော ငါး၊ ပုစွန်များကို မြန်မာနိုင်ငံ မြဝတီမှတစ်ဆင့်ပို့ဆောင်နေကြောင်း၊ မြဝတီမှရန်ကုန်မြို့အထိ တရားမဝင်လာဘ်ငွေပေးရသောဂိတ်များအမည်နှင့်ပေးရငွေပမာဏကို ရေးသားဖော်ပြချက်သည် လူမှုကွန်ရက်စာမျက်နှာများ၌ ပျံ့နှံ့သွားပြီး အဆိုပါနေ့မှစ၍

ထိုင်းနိုင်ငံမှ မွေးမြူရေးပုစွန်ဝင်ရောက်မှုလည်း ရပ်ဆိုင်းသွားကြောင်းသိရသည်။

မြဝတီမြို့ နယ်စပ်ဂိတ်မှတင်ပို့မည့် ထိုင်းမွေးမြူရေးပုစွန်များကို သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနနှင့် အက်ဖ်ဒီအေတို့မှ စစ်ဆေးသင့်ကြောင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူး တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဝင်ပေါက်ဂိတ်များကိုဖြတ်ကျော်ပြီးမှ ရန်ကုန်ကြည့်မြင်တိုင်စံပြငါးဈေးကြီးသို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ စံပြငါးဈေးကြီးကျမှ စစ်ဆေးအရေးယူမည်ဆိုလျှင် မြန်မာနိုင်ငံအတွင်းမှ ထွက်ရှိသော ငါး၊ ပုစွန်များဖြစ်ပါက ဈေးသူဈေးသားများ ရောင်းချရချိန်နောက်ကျပြီး အကျိုးစီးပွားလည်း ထိခိုက်နိုင်ကြောင်း၊ သို့ဖြစ်၍ ကြည့်မြင်တိုင်စံပြငါးဈေးကြီးမှ ငါးလုပ်ငန်းလုပ်ကိုင်သူများက သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း နယ်စပ်ဂိတ်များတွင် အဆင့်ဆင့်စစ်ဆေးတင်သွင်းခွင့်ပြုသင့်သည်ဟုဆန္ဒရှိနေကြပြီး ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီး၏ ဈေးသာယာရေးအဖွဲ့အနေဖြင့် အက်ဖ်ဒီအေ၏စစ်ဆေးတွေ့ရှိမှုနှင့် မြန်မာနိုင်ငံအတွင်း သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာန၏ သယ်ယူပို့ဆောင်ခွင့်ပြုသည့် မျှောစာပါရှိမှသာ စားသုံးသူများကိုရောင်းချခွင့်ပြုလျက်ရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/128180.html

## နိုင်ငံခြားမှ ကြက်ပေါက်များ တင်သွင်းခွင့်ပေးရန် တောင်းဆိုအပြီး ရက်ပိုင်းအတွင်း ကြက်ပေါက်ဈေးနှုန်းများပြန်ကျ



ကြက်ပေါက်ဈေးနှုန်းများမှာ တစ်ကောင်လျှင် ၈၀၀ ကျပ်အထိ မြင့်တက်နေသည့်အတွက် ပြည်ပမှတင်သွင်းခွင့်ပေးရန် တောင်းဆိုအပြီး ရက်ပိုင်းအတွင်း ကြက်ပေါက်ဈေးနှုန်းများမှာ တစ်ကောင်လျှင် ၆၀၀ ကျပ်ဝန်းကျင်ထိ ပြန်လည်ကျဆင်းလာကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ဥက္ကဌ ဒေါက်တာကျော်ထင်က ပြောသည်။ ကြက်ပေါက်ဈေးနှုန်းမြင့်တက်နေချိန်တွင် ခြံကောက်ဈေးနှုန်းများ ကျဆင်းနေသည့်အတွက် ကြက်မွေးမြူသူများ အဆင်မပြေကြောင်းနှင့် ကြက်ပေါက်ဈေးမှာ တစ်ကောင်လျှင် ၇၀၀ ကျပ်ထက် မြင့်တက်လာပါက ပြည်ပမှတင်သွင်းခွင့်ပြုရန် ဩဂုတ်လ ၂၈ ရက်နေ့က ကျင်းပခဲ့သည့် ဆွေးနွေးပွဲတွင်တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ဆွေးနွေးပွဲပြီး နောက်ပိုင်းမှာဈေးတွေချပေးကြတယ်။ အစကချမပေးဘူး။ နောက်မှကုမ္ပဏီချင်းညှိပြီး ပြန်ချပေးတယ်ထင်တယ်။ တစ်ကောင်ကို ၂၀၀ လောက်ကျလာတယ်။ အရင်ဈေးက မွေးမြူသူအတွက် အဆင်မပြေနိုင်တဲ့ဈေးဖြစ်နေပါတယ်ဟု ဒေါက်တာကျော်ထင်ကပြောသည်။

ယခင်က ကြက်သားပေါက်ဈေးမြင့်တက်နေပြီး ကြက်ခြံကောက်ဈေးနှုန်းမှာ ၂၅၀၀ ကျပ်သာရှိပြီး လက်ရှိတွင် ကြက်သားပေါက်ဈေး ၆၀၀ ကျပ်နှင့် ကြက်ခြံကောက်ဈေးမှာ ၂၇၀၀ ကျပ်သို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း ဒေါက်တာကျော်ထင်ကပြောသည်။ ပြီးခဲ့သည့် ဩဂုတ်လ ၂၈ ရက်နေ့ ကျင်းပခဲ့သည့်ဆွေးနွေးပွဲတွင် ကြက်မျိုးခြံ၊ ကြက်ဖောက်စက်၊ မွေးဘက်ခြံစာရင်းအချက်အလက်များရရှိရန်၊ ကြက်အရှင်ဈေးနှုန်းဖွင့်ရာတွင် အမှန်တကယ်ရောင်းဝယ်နေသော ကြက်အရှင်ဈေးနှုန်းများဖြစ်လာရန် ဖေ့ဘုတ်ပေါ်တွင် စာမျက်နှာတစ်ခုဖြင့်ဖော်ပြရန်၊ ထုတ်လုပ်မှုစရိတ်အောက် အလွန်အကျွံဖြစ်လာပါက ဈေးနှုန်းတစ်ခုသတ်မှတ်ရောင်းကြရန်၊ ကြက်သားပေါက်ဈေးနှုန်းလျှော့ကျနိုင်ရန် ပြည်တွင်းကြက်သားပေါက်ထုတ်လုပ်သောကုမ္ပဏီများအား မေတ္တာရပ်ခံပေးပါရန်ဟူသောအချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2430573960361419?__tn__=K-R

## ပင်လယ်ရေကြောင်းမှ ဆန်ဈေးကွက်သစ်နိုင်ငံများ ရရှိထား

ပင်လယ်ရေကြောင်းမှ ဆန်ဈေးကွက်သစ်နိုင်ငံများ ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ ဈေးကွက်သစ်က လိုင်ဘေးရီးယားနိုင်ငံကို ဆန်တန်ချိန် ၅၀၀ ကျော် တင်ပို့လာနိုင်တယ်။ ဆန်နဲ့ ပတ်သက်လို့ ဖိလစ်ပိုင်၊ မိုဇမ်ဘစ်ကို ပင်လယ်ရေကြောင်းကနေ တင်ပို့လာနိုင်တာဖြစ်တယ်ဟု လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ လက်ရှိ ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့နေသောနိုင်ငံများမှာ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ရုရှား၊ ဆီနီဂေါ၊ တိုဂို၊ အရှေ့တီမော၊ အိုင်ဗီရီကို့စ်၊ ကင်ညာ၊ ဘီနင်၊ မိုဇမ်ဘစ်၊ တူနီးရှား၊ ကွန်ဂို၊ နိုင်ဂျီးရီးယား၊ အီးယူ စသည့်နိုင်ငံများသို့ တစ်ပတ်လျှင် ဆန်တန်ချိန် ၃၀၀၀၀ ကျော် တင်ပို့နေကြောင်းသိရသည်။ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဧည့်မထ ၅ မှတ် တစ်တန်လျှင် ကန်ဒေါ်လာ ၃၄၀ ခန့်၊ ၂၅ မှတ် တစ်တန် လျှင် ကန်ဒေါ်လာ ၃၂၀ ခန့်၊ ဆန်ဖြူ

၁၀၀ ရာခိုင်နှုန်း တစ်တန်လျှင် ကန်ဒေါ်လာ ၃၀၀ မှ ၄၂၅ ကြား၊ ၁၀ မှတ် တစ်တန်လျှင် ကန်ဒေါ်လာ ၄၀၀ မှ ၄၀၉ ကြား၊ ၁၅ မှတ် တစ်တန်လျှင် ကန်ဒေါ်လာ ၄၀၀ ခန့်၊ ပေါင်းဆန် တစ်တန်လျှင် ကန်ဒေါ်လာ ၄၃၉ ခန့် အသီးသီး ဈေးရရှိနေကြောင်းသိရသည်။

ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့ရာတွင် ထိုစည်းမျဉ်းများတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ချမှတ်ထားသည့် စည်းမျဉ်းများကို လိုက်နာရသလို ဆန်တင်ပို့သည့် နိုင်ငံအများစုမှ သတ်မှတ်ထားသည့် စည်းမျဉ်းများ၊ နှစ်စဉ်အလိုက် ကြိုတင်စီမံချက်ရေးဆွဲခြင်း၊ ဈေးကွက် ပုံမှန်ရောင်းချပေးနိုင်သည့်ကုမ္ပဏီများကို ဦးစားပေးထည့်သွင်းစဉ်းစားရခြင်း၊ အကြောင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ငြင်းဆန်ဖြေရှင်းနိုင်မည့် မူဂါဒများ ကြိုတင်ချမှတ်ထားရခြင်း၊ ကြိုတင်စာချုပ်ချုပ်ဆိုရာတွင် တင်သွင်းနိုင်မည့် အရေးပေါ် ဆန်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့်၊ အာမခံနိုင်သည့် ဝယ်ယူသူများနှင့် ချိတ်ဆက်ထားရကြောင်း၊ ပုံမှန်ဖောက်သည်နိုင်ငံများ၏ ပထဝီအနေအထား၊ ရာသီဥတု၊ နိုင်ငံ၏စီးပွားရေးအစရှိသည်များကို တွက်ဆထားနိုင်ရမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံမှ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် ( ၂၀၁၈ ခုနှစ် အောက်တိုဘာမှ ဩဂုတ်လ ၂ ရက်) အထိ နိုင်ငံပေါင်း ၆၁ နိုင်ငံသို့ ဆန်တန်ချိန် ၁၅ သိန်းကျော် ကန်ဒေါ်လာ သန်း ၄၉၀ ကျော်၊ နိုင်ငံပေါင်း ၃၆ နိုင်ငံသို့ ဆန်ကွဲ တန်ချိန် ၄ သိန်းကျော် ကန်ဒေါ်လာ သန်း ၁၀၇ ကျော်၊ စုစုပေါင်း ၁၉ သိန်း ကျော်ကန်ဒေါ်လာ ၅၉၇ သန်းကျော် ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှသိရသည်။ ထိုသို့ တင်ပို့ထားမှုတွင် နယ်စပ်လမ်းကြောင်းများမှ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၅၉၀၀၀၀ ကျော် ကန်ဒေါ်လာ သန်း ၁၇၇ သန်း၊ ပင်လယ်ရေကြောင်းမှ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁၃ သိန်း ကျော် ကန်ဒေါ်လာ သန်း ၄၂၀ ကျော် ရရှိထားခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2432136753538473?__tn__=K-R

## ကုန်သွယ်ရေးစစ်ကြောင့် တရုတ်ပြည်ပပို့ ကုန်တင်ပို့ မှု သိသိသာသာကျဆင်း

တရုတ်ရဲ့ ပြည်ပပို့ကုန်တင်ပို့မှုကတော့ ဩဂုတ်လအတွင်းမမျှော်လင့်ဘဲကျသွားခဲ့သလို အမေရိကန်ဆီယင်းရဲ့ ပို့ကုန်တင်ပို့မှုကလည်း သိသိသာသာ နေးကွေးကျဆင်းသွားခဲ့တယ်လို့သိရပါတယ်။ ယင်းအတွက်ကြောင့် ကမ္ဘာ့စီးပွားရေးအင်အားကြီးနှစ်နိုင်ငံအကြားမှာဖြစ်နေတဲ့ ကုန်သွယ်ရေးစစ်ရဲ့ဂယက်ရိုက်မှုတွေနဲ့ပတ်သက်ပြီး စိုးရိမ်မှုတွေကို ပိုတိုးလာစေခဲ့ပါတယ်။ တရုတ်တို့အနေနဲ့ အခုလို စီးပွားရေးနေးကွေးမှုကြီးတစ်ခုရဲ့အကျိုးဆက်ကို ရှောင်လွှဲနိုင်ဖို့အတွက် ထောက်ကူပံ့ပိုးရေးလုပ်ဆောင်ချက်တွေကို မကြာခင်ကြေညာလာဖွယ်ရှိနေပါတယ်။

ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံရဲ့ ဩဂုတ်လ ပို့ကုန်တင်ပို့မှုမှာတော့ ယခင်အစောပိုင်းနှစ်ကနဲ့ယှဉ်ရင် ၁ ရာခိုင်နှုန်းကျသွားခဲ့ပြီး ဒါဟာဖွန်လနောက်ပိုင်းအကြီးဆုံး ကျဆင်းမှုဖြစ်ပါတယ်။ ကနဦးတုန်းကတော့ တရုတ်ပြည်ပပို့ကုန်တင်ပို့မှုမှာ မြင့်တက်မယ်လို့ အကဲဖြတ်တွေက သုံးသပ်ထားခဲ့ကြတာဖြစ်ပါတယ်။

**Source:** https://www.bbc.com/news/business-49625843

SFJ Strategy First Journal

## ရေနံဈေးကျမှုကို ထိန်းနိုင်ဖို့ အတွက် ထုတ်လုပ်မှုထပ်လျှော့ဖို့ အဓိကရေနံထုတ်လုပ်သူနိုင်ငံတွေစီစဉ်နေ

အဓိက ရေနံထုတ်လုပ်သူ နိုင်ငံတွေကတော့ ယခုအပတ်မှာတွေ့ဆုံမယ့် အစည်းအဝေးတစ်ခုအတွင်း ရေနံထုတ်လုပ်မှုထပ်မံလျှော့ချမယ့်ကိစ္စကို ဆွေးနွေးသွားကြဖို့ရှိနေပါတယ်။ ဒါပေမယ့်လည်း လက်ရှိအမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ကြောင့်ထိခိုက်နေတဲ့ ရေနံဈေးနှုန်းတွေကို အားပေးအားမြှောက်ပြုရာမှာ ၎င်းနိုင်ငံတွေအောင်မြင်အောင်လုပ်နိုင်ပါ့မလားဆိုပြီး အကဲဖြတ်တွေက သံသယရှိနေကြပါတယ်။ အိုပက် အုပ်စုနိုင်ငံတွေနဲ့ အဖွဲ့ဝင်မဟုတ်တဲ့ အဓိက ရေနံထုတ်လုပ်သူနိုင်ငံတွေကတော့ လက်ရှိမှာဈေးနှုန်းတွေ ကျဆင်းနေမှုကို ရပ်တန့်သွားစေဖို့ ဆန္ဒရှိနေပါတယ်။ ပြီးခဲ့တဲ့ကာလအတွင်း ကုလဆန်ရှင်ကြောင့် အီရန်နဲ့ဗင်နီဇွဲလားကနေ ရေနံရောင်းချမှုလျော့ကျသွားတာ၊ ယခင်ထုတ်လုပ်မှု ပိုင်းဝန်းလျှော့ချတာစတာတွေရှိနေတာတောင်မှ ရေနံဈေးတွေက ဆက်တိုက်ကျနေခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာ အဓိကရေနံထုတ်လုပ်သူတွေ တွေ့ဆုံတဲ့အခါမှာ ရေနံဈေးကွက်ကို ပြန်လည်ဟန်ချက်ညီစေနိုင်ဖို့အတွက် လိုအပ်တဲ့လုပ်ဆောင်မှုမှန်သမျှလုပ်သွားမှာဖြစ်ကြောင်း ယူအေအီးစွမ်းအင်ဝန်ကြီး Suheil al- Mazrouei က ပြောသွားပါတယ်။

**Source:** https://www.channelnewsasia.com/…/oil-majors-to-mull-fresh-…

## ယခင်နှစ် ဩဂုတ်လကုန်အထိ မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ နယ်စပ်ကုန်သွယ်မှုပမာဏ ဒေါ်လာသန်း ၆၄၇၀ ကျော်ရရှိခဲ့သော်လည်း ယခုနှစ်အတွင်း ဒေါ်လာ သန်း ၅၄၅၀ ကျော်သာရရှိပြီး အထူးသဖြင့် မူဆယ်နှင့်လွယ်ဂျယ်နယ်စပ်၌ ဒေါ်လာ သန်း ၁၂၇၀ ကျော်လျော့ကျ

ယခင်ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက် မှ ဩဂုတ်လကုန်အထိ မြန်မာ-တရုတ်နယ် စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ နယ်စပ်ကုန် သွယ်မှုပမာဏ ဒေါ်လာသန်း ၆၄၇၀ ကျော် ရရှိခဲ့သော်လည်း ယခုနှစ်အတွင်း ဒေါ်လာ သန်း ၅၄၅၀ ကျော်သာရရှိပြီး အထူးသဖြင့် မူဆယ်နှင့် လွယ်ဂျယ်နယ်စပ်တွင် ဒေါ်လာ သန်း ၁၂၇၀ ကျော် လျော့ကျနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဩဂုတ်လကုန်အထိ မူဆယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှကုန်သွယ်မှု ပမာဏ ဒေါ်လာ ၅၆၈၅ ဒသမ ၁၅၇ သန်း၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်မှုပမာဏ ဒေါ်လာ ၂၁၉ ဒသမ ០၇၃ သန်း၊ ချင်းရွှေဟော်နယ်စပ် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၄၂၆ ဒသမ ၆၀၅ သန်း၊ ကန်ပိုက်တီး နယ်စပ်ကုန်သွယ်မှုပမာဏ ဒေါ်လာသန်း ၁၄၀ ဒသမ ၀၁၂ သန်း ရရှိ ခဲ့သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တို ဘာ ၁ ရက်မှ ဩဂုတ်လကုန်အထိ မူဆယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာ ဏ ဒေါ်လာ ၄၅၃၅ ဒသမ ၇၆၉ သန်း၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်မှုပမာဏ ဒေါ် လာ ၁၃၈ ဒသမ ၉၅၂ သန်း၊ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်မှု ပမာဏ ဒေါ်လာ ၄၉၁ ဒသမ ០၅၈ သန်း၊ ကန်ပိုက်တီးနယ်စပ်ကုန် သွယ်မှု ပမာဏ ဒေါ်လာသန်း ၂၈၄ ဒသမ ၆၇၅ သန်း ရရှိခဲ့သည်။ အဆိုပါ ကာလတူနှစ်ခုကို နှိုင်းယှဉ် ကြည့်ပါက မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၁၉၄ ဒသမ ၃၈၈ သန်းနှင့် လွယ်ဂျယ်နယ်စပ် ကုန်သွယ်မှု ပမာဏ ဒေါ်လာ ၈၀ ဒသမ ၁၂၁ သန်း လျော့ ကျခဲ့သည်။ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်မှု ပမာဏ ဒေါ်လာ ၆၄ ဒသမ ၄၅၃ သန်းနှင့် ကန်ပိုက်တီး နယ်စပ်ကုန်သွယ်မှုပမာဏ ဒေါ် လာ ၁၄၄ ဒသမ ၆၆၃ သန်းပိုမိုရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ သိရသည်။

မြန်မာနိုင်ငံနှင့်အဓိကကုန်သွယ်မှုပြုနေသည့်နိုင်ငံများတွင် တရုတ်၊ ထိုင်း၊ အိန္ဒိ ယ၊ ဂျပန်၊ ကိုရီးယား၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့ဖြစ်သည်။ နယ်စပ်ကုန်သွယ်ရေး တွင် တရုတ်၊ ထိုင်း၊ အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဖြင့် ကုန်သွယ်မှု ပြုလုပ်နေသည်။ နယ်စပ်ကုန်သွယ်ရေးစခန်း ၁၇ ခုအနက် မြန်မာ-တရုတ်နယ်စပ်တွင် မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နှင့် ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်း၊ မြန်မာ-ထိုင်းနယ်စပ်တွင် ကျိုင်းတုံ၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်၊ နဘူလယ်/ထီးခီး၊ မောတောင်၊ မယ်စဲ့နယ်စပ် ကုန်သွယ်ရေးစခန်းတို့ဖြစ်သည်။ ကျန်သည့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့ဖြင့် ကုန်သွယ်မှုပြုလုပ်နေခြင်းဖြစ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပေါ် ခဲ့သည့် ပဋိပက္ခများကြောင့် အဓိကကျသည့် မူဆယ်နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်း ပြတ်တောက်ခဲ့ရသည်။

**Source:** https://news-eleven.com/article/133858

## လက်ရှိဘဏ္ဍာနှစ် ၁၁ လတွင် ပြည်ပမှ စက်သုံးဆီတန်ချိန် ၄ ဒသမ ၉ သန်းကျော်တင်သွင်းမှု တန်ဖိုးဒေါ်လာ ၂ ဒသမ ၉ ဘီလျံကျော်ရှိသော်လည်း ယခင်နှစ်ကာလတူထက် တန်ချိန် ၄၈၀၀၀၀ ကျော်နှင့် တန်ဖိုးဒေါ်လာသန်း ၃၈၀ ကျော်လျော့ကျ

လက်ရှိဘဏ္ဍာနှစ် ၁၁ လတွင် ပြည်ပမှ စက်သုံးဆီတန်ချိန် ၄ ဒသမ ၉ သန်းကျော် တင်သွင်းမှုတန်ဖိုး ဒေါ်လာ ၂ ဒသမ ၉ ဘီလျံကျော်ရှိသော်လည်း ယခင်နှစ်ကာလတူထက်တင်သွင်းမှု တန်ချိန် ၄၈၀၀၀၀ ကျော်နှင့် ဒေါ်လာသန်း ၃၈၀ ကျော်လျော့ကျခဲ့ ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်ကနေ ဩဂုတ် ၃၀ ရက်အထိ ပြည်ပမှ စက်သုံးဆီတန်ချိန် ၄ ဒသမ ၉၅၇ သန်းကျော် တင်သွင်းထားပြီး တန်ဖိုးဒေါ်လာ ၂ ဒသမ ၉၄၂ ဘီလျံအထိရှိပါတယ်။ ယခင်နှစ်ကာလတူမှာ တန်ချိန် ၅ ဒသမ ၄၄၄ သန်းကျော်တင်သွင်းထားပြီး တန်ဖိုးဒေါ်လာ ၃ ဒသမ ၃၂၆ ဘီလျံအထိရှိပါတယ်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက The Daily Eleven သတင်းစာသို့ စက်တင်ဘာ ၁၀ ရက်က ပြောကြား ခဲ့သည်။

ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် ၁၁ လ တွင် ပြည်ပမှစက်သုံးဆီတင်သွင်းမှုသည် ယခင်နှစ်ကာလတူထက်တန်ချိန် ၄၈၆၁၅၀ လျော့ကျခဲ့ပြီး တန်ဖိုးဒေါ်လာ ၃၈၄ ဒသမ ၃၈၉ သန်းလျော့ကျခဲ့ခြင်းဖြစ်သည်။ လက်ရှိဘဏ္ဍာနှစ် ၁၁ လတွင် ဒီဇယ်တန်ချိန် သုံးသန်းကျော်တင်သွင်းထားပြီး တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၇၉၇ ဘီလျံရှိပြီး ယခင်နှစ်ကာလတူထက် တန်ချိန် ခြောက်သိန်းခွဲကျော်လျော့ကျခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၃၈၀ နီးပါး လျော့ကျခဲ့ကြောင်းသိရသည်။ ဓာတ်ဆီ တန်ချိန် ၁ ဒသမ ၈၇၇ သန်း တင်သွင်းထားပြီး တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄၄ ဘီလျံကျော်ရှိပြီး ယခင်နှစ်ကာလတူ

ထက် တန်ချိန်တစ်သိန်း ခြောက်သောင်းကျော် ပိုမိုတင်သွင်းထားပြီး တန်ဖိုး ဒေါ်လာငါးသန်းကျော်လျော့ကျခဲ့သည်။ စက်တင်ဘာ ၁၀ ရက်တွင် ပြည်တွင်း စက်သုံးဆီဈေးနှုန်းများမှာ ဒီဇယ်လက်လီ တစ်လီတာ ကျပ် ၈ရ၀မှ ၉၀၀ ကြား၊ လက်ကား တစ်လီတာကျပ် ၈၄၅ကျပ်မှ ၈၆၀ ကြား၊ Premium ဒီဇယ် လက်လီတစ်လီတာ ကျပ် ၈၈၀မှ ၉၁၀ ကြား၊ လက်ကား တစ်လီတာ ကျပ် ၈၅၅မှ ၈၇၀ ကြားရှိကြောင်း မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ ထုတ်ပြန်ချက် အရသိရသည်။

ထို့အတူ ဓာတ်ဆီ(RON 92) လက်လီတစ်လီတာ ကျပ် ရရ၀မှ ၈၀၅ကြား၊ လက်ကားတစ်လီတာ ကျပ် ၇၅၀ မှ ၇၆၀ ကြားနှင့် ဓာတ်ဆီ(RON 95) လက်လီတစ်လီတာ ကျပ် ၈၆၀ မှ ၈၉၅ ကြား၊ လက်ကားတစ်လီတာ ကျပ် ၇၈၅မှ ၈၀၅ ကြားရှိသည်။ ကမ္ဘာ့ရေနံဈေးသည် ဧပြီ ၂၃ ရက်တွင် တစ်စည် ၆၆ ဒေါ်လာဝန်းကျင်အထိ မြင့်တက်ခဲ့ပြီးနောက် မေ ၂၈ ရက်တွင် ၅၉ ဒေါ်လာဝန်းကျင်၊ ဇွန် ၁၂ ရက်တွင် ၅၁ ဒေါ်လာဝန်း ကျင်အထိ ၁၅ ရက်အတွင်း ၁၃ ရာခိုင်နှုန်းကျော်ပြန်ကျ ခဲ့သည်။ ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းသည် ဇန်နဝါရီလဆန်းမှမေလကုန်ပိုင်းအထိ ခြောက်လနီးပါးအတွင်း တစ်လီတာ ကျပ် ၁၆၀ မှ ၂၅၅ ကျပ်အထိ ဆက်တိုက် မြင့်တက်ခဲ့ပြီး စက်သုံးဆီအမျိုးအစားအလိုက် ၁၈ ရာခိုင်နှုန်းကျော်မှ ၃၆ ရာခိုင်နှုန်း ကျော်အထိ မြင့်တက်ခဲ့ရာမှ ဇွန်လဆန်းတွင် ပြန်လည်ကျဆင်းလာကြောင်းသိရသည်။

၂၀၁၉ ခုနှစ်အတွင်း လအလိုက်၊ စက်သုံးဆီဈေးနှုန်း (လီတာ) များအလိုက် မြင့်တက်ခဲ့သော ပမာဏများမှာ ဇန်နဝါရီတွင် ၂၅ ကျပ်မှ ကျပ် ၆၀ အထိ၊ ဖေဖော်ဝါရီတွင် ကျပ် ၄၀၊ မတ်တွင် ၅၅ ကျပ်မှ ကျပ်၈၀ အထိ၊ ဧပြီတွင် ၃၅ ကျပ်မှ ၆၅ ကျပ်အထိ ဈေးနှုန်းများ ဆက်လက်မြင့်တက်ခဲ့ပြီး မေတွင် အတက်အကျနည်းပါးခဲ့ကာ ဇွန်လဆန်းမှစတင်ကာ ဈေးနှုန်းများ ပြန်လည် ကျဆင်းခဲ့ခြင်းဖြစ်သည်။ ဒေါ်လာဈေးနှင့် ကမ္ဘာ့ရေနံဈေးနှုန်း အပြိုင်မြင့်တက်ခဲ့သည့် ၂၀၁၈ ခုနှစ် ဇွန်လမှ အောက်တိုဘာအထိ လေးလကျော်အတွင်း ပြည်တွင်းစက်သုံးဆီဈေးနှုန်း ၂၀ ရာခိုင်နှုန်းကျော်အထိမြင့်တက်ခဲ့ပြီး တစ်လီတာစံချိန် တင် ဈေးနှုန်း များအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် 92 Ron ၁၀၆၅ ကျပ်၊ 95 Ron ၁၁၁၅ ကျပ်၊ ဒီဇယ် ၁၀၉၅ ကျပ်၊ ပရီမီယံဒီဇယ် ၁၁၀၅ ကျပ်အထိဖြစ်ပေါ်ခဲ့သည်။

**Source:** https://news-eleven.com/article/133847

## လက်ရှိဘဏ္ဍာနှစ် ၁၁ လတွင် ပြည်ပသို့ရော်ဘာတန်ချိန် ၁ ဒသမ ၉ သိန်းကျော်တင်ပို့မှုမှ ဒေါ်လာသန်း ၂၅၀ ခန့် ရရှိထားပြီး ယခင်နှစ်ကာလတူထက် တန်ချိန် ၄၁၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့သဖြင့် ဒေါ်လာသန်း ၆၀ ကျော်ပိုမိုရရှိ

လက်ရှိဘဏ္ဍာနှစ် ၁၁ လတွင် ပြည်ပသို့ ရော်ဘာတန်ချိန် ၁ ဒသမ ၉ သိန်း ကျော်တင်ပို့မှုမှ ဒေါ်လာသန်း ၂၅၀ ခန့်ရရှိ ထားပြီး ယခင်နှစ်ကာလတူထက် တန်ချိန် ၄၁၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့သဖြင့် ဒေါ်လာသန်း ၆၀ ကျော်ပိုမိုရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဩဂုတ် ၃၀ ရက်အထိ ပြည်ပကို ရော်ဘာတန်ချိန် ၁၉၂၉၈၆ တန်ကျော် တင်ပို့မှုမှ အမေရိကန် ဒေါ်လာ၂၄၇ ဒသမ ၅၅၇ သန်းရရှိထားပါတယ်။ ယခင်နှစ်ကာလတူတွင် ပြည်ပသို့ရော်ဘာတန်ချိန် ၁၅၁၈၉၅ တန်ကျော်သာ တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ ၁၈၄ ဒသမ ၃၆၀ သန်းရရှိထားပါတယ်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူတစ်ဦးက The Daily Eleven သတင်းစာသို့ စက်တင်ဘာ ၁၀ ရက်က ပြောကြားခဲ့သည်။ ထို့ကြောင့် လက်ရှိ ဘဏ္ဍာနှစ် ၁၁ လ တွင် ပြည်ပသို့ ရော်ဘာတင်ပို့မှု တန်ချိန် ၄၁,၀၉၀ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၁၉၇ သန်း ကျော်ပိုမိုရရှိခဲ့ခြင်းဖြစ်သည်။

ရော်ဘာကို မြန်မာနိုင်ငံတောင်ပိုင်းဒေသများအနက် မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့သည် ရော်ဘာအများဆုံး စိုက်ပျိုး သည့်ဒေသများဖြစ်သည်။ ကျန်တိုင်းဒေသကြီးများဖြစ်သည့် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းများတွင် စိုက်ပျိုးကြောင်း သိရသည်။ မွန်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ငါးသိန်းနီးပါးရှိပြီး ကရင်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ၂၇၀၀၀၀ နီးပါးရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ပျိုးမှုမှာ ၁၆ သိန်းခန့်ရှိကြောင်းသိရသည်။ ပြည်တွင်း၌ တစ်နှစ်လျှင် ရာဘာတန်ချိန် စုစုပေါင်းနှစ်သိန်းခန့်ထွက်ရှိပြီး ရာခိုင်နှုန်း ၉၀ ကျော်ကို ပြည်ပသို့တင်ပို့နေခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့် ရှစ်ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ အသုံးပြုလျက်ရှိပြီး အဓိကတင်ပို့နေသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး၊ ထုတ်လုပ်သူများအသင်းမှသိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ရော်ဘာကို တရုတ်အပြင် မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီး ရှားနိုင်ငံများသို့ တင်ပို့လျက်ရှိပြီး ကိုရီးယား၊ ဂျပန်၊ ထိုင်ဝမ်၊ အိန္ဒိယစသည့်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်းသိရသည်။ မွန်ပြည်နယ်တွင်သာမက ရော်ဘာစိုက်ဧကနှင့် ရော်ဘာအထွက်များသော ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် နိုင်ငံတကာအဆင့်မီ ရော်ဘာ ကုန်ကြမ်းနှင့် ကုန်ချောထုတ်လုပ်နိုင်ရန် ရော်ဘာအထူးဇုန်များ ဖော်ဆောင်ပေးရန် မတ်လ ၇ ရက်ကပြုလုပ်သည့် ဒုတိယ သမ္မတ (၁)ဦးဆောင်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲ (၁၅) ကြိမ်

မြောက်အခမ်းအနားတွင် မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး၊ ထုတ်လုပ်သူများအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်ကတင်ပြခဲ့သည်။ လက်ရှိအချိန်တွင် နိုင်ငံခြားသို့တင်ပို့နေသော RSS မှိုင်းခံရော်ဘာများ၊ ရော်ဘာခြမ်းများ(အထူးသဖြင့်ခြင်ယ်များ)များမှ ထုတ်လုပ်ရာတွင် စက်ပစ္စည်း၊ အစေးခဲကန်၊ မှိုင်းခံများမရှိသဖြင့် ရော်ဘာအစိုပြားများ အထူပြားများသာထုတ်လုပ်နေရပြီး ရောင်းချရာတွင်လည်း ဈေးမရကြသည့်အခက်အခဲများ ကြုံတွေ့နေရကြောင်းသိရသည်။

**Source:** https://news-eleven.com/article/133846

## ပြည်ပနိုင်ငံများအနေဖြင့် မြန်မာ့ထောပတ်သီးကို တရားဝင်ဝယ်ယူနိုင်ရေးဆွေးနွေးနေ



မြန်မာ့ထောပတ်သီးကို အိန္ဒိယ၊ နယ်သာလန် စသည့်ပြည်ပနိုင်ငံတို့က တရားဝင်ဝယ်ယူရန် ဆွေးနွေးမှုများရှိကြောင်း မြန်မာနိုင်ငံထောပတ်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်၏ ပြောပြချက်အရသိရသည်။ လတ်တလောတွင် ပြည်ပနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံလိုသည့်ကုမ္ပဏီများက မြန်မာနိုင်ငံမှ တင်ပို့နိုင်သည့်အနေအထားနှင့် ထွက်ရှိမှုအပါအဝင် သီးနှံအရည်အသွေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ လာရောက်တွေ့ဆုံဆွေးနွေးလျက်ရှိသည်။ လက်ရှိမှာ ပြည်ပကဝယ်ယူသူတွေ လိုချင်တဲ့အနေအထားကိုမပေးနိုင်သေးဘူး။ အိန္ဒိယကလည်း လာရောက်ချိတ်ဆက်တာတွေရှိတယ်။ နယ်သာလန်က လာပြီးတွေ့ဆုံဆွေးနွေးထားတာလည်းရှိပါတယ်ဟု ဦးမျိုးညွန့်က ပြောသည်။

ပြည်တွင်းမှထွက်ရှိသည့် ထောပတ်သီးများကို ထိုင်းနှင့်အိန္ဒိယနိုင်ငံတို့သို့ တင်ပို့လျက်ရှိပြီး တရုတ်နိုင်ငံသို့ မူဆယ်လမ်းကြောင်းမှတင်ပို့ရန် အခက်အခဲရှိနေသောကြောင့် ယခုနှစ်တွင် တင်ပို့နိုင်ခြင်းမရှိသေးကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ တရုတ်နိုင်ငံသို့ တရားဝင်G to G တင်ပို့နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်းသိရသည်။ ပြည်တွင်း၌ ထောပတ်သီးသည် သဘာဝအလျောက်စိုက်ပျိုးထားသည့် ခြံစည်းရိုးပင်များမှထွက်ရှိခြင်းဖြစ်၍ အရည်အသွေးပိုင်းနှင့် အရွယ်အစားမျိုးစုံရှိသည်။ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ထောပတ်ကိုစိုက်ခင်းများဖြင့် စနစ်တကျစိုက်ပျိုးပြီး နိုင်ငံတကာဈေးကွက်ဝင် အရည်အသွေးရှိသည့် ထောပတ်သီးများ အထွက်နှုန်းများစေရန်လုပ်ဆောင်မည်ဖြစ်ကြောင်းနှင့်လတ်တလောတွင် ပြည်ပဈေးကွက်အလားအလာမှာ ကောင်းမွန်နေကြောင်း သိရသည်။

**Source:** https://www.facebook.com/a9biz/

## မူဆယ်တွင်သောင်တင်နေသည့် ဆန်ကွဲတန်ချိန် ငါးထောင်ခန့်ပျက်စီးနေ

တရုတ်နိုင်ငံက ဆန်ကွဲဂယ်ယူမှု ရပ်နားထားခြင်းကြောင့် မူဆယ်တွင်သောင်တင်နေသည့် ဆန်ကွဲတန်ချိန် ငါးထောင်ခန့် ပျက်စီးနေပြီဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကိုကိုကြီးက ပြောသည်။ နှစ်နိုင်ငံကြား သဘောတူညီထားတဲ့ protocol အရ ၂၀၁၉ ခုနှစ် ဧပြီလကတည်းက တင်ပို့တာရပ်ဆိုင်းထားတာ။ ဒါကြောင့် ညှိနှိုင်းပြီးတော့ တင်ပို့နိုင်ဖို့စောင့်ဆိုင်းရင် သိုလှောင်ရုံမှာ လေးလလောက်ကြာမြင့်နေတာဖြစ်တယ်ဟု ဦးကိုကိုကြီးကပြောသည်။

မူဆယ်တွင် ရောက်ရှိနေသည့် ဆန်ကွဲများကို ပြန်လည်သယ်ဆောင်ပါက ကုန်ကျစရိတ်များနေ၍ အခက်အခဲများရှိနေခြင်းကြောင့် နှစ်နိုင်ငံအကြား သက်ဆိုင်သည့်ဌာနဆိုင်ရာများမှ အလျင်အမြန်ညှိနှိုင်းကာ နားလည်မှုစာချွန်လွှာရေးထိုး၍ တင်ပို့နိုင်ရန်လိုအပ်နေကြောင်း ကုန်သည်များကဆိုသည်။ တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ ဆန်တင်ပို့ရေးစာချုပ်ကို ၂၀၂၀ ခုနှစ် စက်တင်ဘာအထိ သက်တမ်းတိုးမြှင့်ထားနိုင်ပြီးဖြစ်သော်လည်း ဆန်ကွဲပါ တင်ပို့နိုင်ရေးမှာ တရုတ်နိုင်ငံမှ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်းသိရသည်။

ယခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့မှာ သက်တမ်းကုန်ဆုံးသွားခြင်းဖြစ်ပြီ ၂၀၁၄ ခုနှစ်က Sanitary and Phyto-Sanitary (SPS Protocol) ဖြင့် ချုပ်ဆိုခဲ့သည့်စာချုပ်တွင် တရုတ်နိုင်ငံကုန်ပစ္စည်းအရည်အသွေး စစ်ဆေးရေး (AQSIQ) ဝန်ကြီးနှင့် ဆန်စပါးအရည်အသွေးအပိုင်းနှင့် စစ်ဆေးရေးပိုင်းဆိုင်ရာ စာချုပ်ကိုလည်းကောင်း၊ တရုတ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးနှင့် လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးနှင့်လယ်ယာသီးနှံဈေးကွက်ရရှိရေး စာချုပ်ကိုလည်းကောင်း အသီးသီးလက်မှတ်ရေးထိုးထားကြောင်းသိရသည်။ လက်ရှိဘဏ္ဍာနှစ်( အောက်တိုဘာလမှ ဩဂုတ်လ ၁၆) ရက်အထိ

ဆန်ကွဲကို နိုင်ငံပေါင်း ၃၇ ခုသို့ မက်ထရစ်တန်ချိန် ၄၂၀၀၀၀ ကျော်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၃ သန်းကျော်ရရှိထားသည်။ မြန်မာ့ဆန်ကွဲကို ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ တရုတ်၊ နယ်သာလန်နိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုစာရင်းများအရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁၂ သိန်းကျော်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၄၆ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၀ သိန်းကျော်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၇၄ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၆ သိန်းကျော်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၀၈ သန်းခန့် အသီးသီးရရှိခဲ့ကြောင်း သိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2430222840396531?__tn__=K-R

## ကုန်တင်ယာဉ်ရှားပါးနေ၍ မူဆယ်-မန္တလေး ကုန်စည်ပို့ဆောင်ခမြင့်တက်

ရှမ်းမြောက်ဒေသတည်ငြိမ်လာသော်လည်း ကုန်တင်ယာဉ်ရှားပါးမှုကြောင့် မူဆယ်-မန္တလေးကုန်စည်ပို့ဆောင်ခများ ၅၀ ရာခိုင်နှုန်းခန့်မြင့်တက်နေခဲ့ကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း (မူဆယ်) ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ကပြောခဲ့ပါတယ်။ နယ်စပ်ကုန်သွယ်ရေးဖြင့် တင်သွင်းလာသော တရုတ်သွင်းကုန်များ မူဆယ်တွင်စုပြုံနေပြီး ပြည်တွင်းသို့သယ်ဆောင်ရန် ကုန်တင်ယာဉ်ရှားပါးသဖြင့် ကုန်စည်ပို့ဆောင်ခများ စျေးတက်ခြင်းဖြစ်ကြောင်း မူဆယ်မြို့ရှိ သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ပြောခဲ့ပါတယ်။ ရှမ်းမြောက်တိုက်ပွဲများနှင့်ဆက်စပ်ပြီး မော်တော်ယာဉ်မီးရှို့ခံရခြင်းကြောင့် မူဆယ်မြို့သို့ ကုန်တင်ယာဉ်အဝင်နည်းပြီး ယာဉ်ရှားပါးမှုကြုံနေသည်ဟု ဦးဝင်းအောင်ခန့်ကပြောပါတယ်။ ကားတွေတော်တော်များများက မတက်လာရဲသေးဘူး။ ကားတွေများလာရင် စျေးကပြန်ကျမှာပါဟု ဦးဝင်းအောင်ခန့်က ပြောပါတယ်။ လက်ရှိတွင် မူဆယ်မှမန္တလေးမြို့သို့ ကုန်စည်ပို့ဆောင်ခ တစ်တန်လျှင် ကျပ် ကိုးသောင်းစျေးရှိပြီး ဩဂုတ် ၁၅ ရက်မတိုင်မီထက် ကျပ် သုံးသောင်းခန့် စျေးမြင့်တက်လာခဲ့ပါတယ်။

ရှမ်းမြောက်ဒေသတိုက်ပွဲများမဖြစ်မီက မူဆယ်-မန္တလေး ကုန်စည်ပို့ဆောင်ခတစ်တန်လျှင် ကျပ်ခြောက်သောင်းခန့်ရှိခဲ့ပါတယ်။ မူဆယ်-မန္တလေးကုန်စည်ပို့ဆောင်ခ စျေးမြင့်တက်သော်လည်း ကားခမြင့်တက်မှုမရှိပေ။အထူးသဖြင့် ပြည်တွင်းမှ မူဆယ်သို့ ကုန်စည်ပို့ဆောင်မှုနည်းသဖြင့် ကားခတစ်တန်လျှင် ကျပ် သုံးသောင်းခန့် စျေးရှိနေခဲ့ပါတယ်။ လက်ရှိတွင် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ အဓိကသွင်းကုန်များမှာ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးကဲ့သို့ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ယာဉ်၊ ယန္တရားပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများဖြစ်ပါတယ်။ မြန်မာနိုင်ငံဘက်မှ အဓိကပို့ကုန်မှာ ဆန်၊ ပြောင်းဖူးစေ့နှင့်လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များ၊ သတ္တုတွင်းထွက်ကုန်ပစ္စည်းများဖြစ်ပါတယ်။ မူဆယ်မှမန္တလေးသို့ ကုန်စည်ပို့ဆောင်ရေး တစ်ရက်လျှင် ကုန်တင်ယာဉ်အစီးရေ ၃၀၀ မှ ၃၅၀ အကြားလိုအပ်ကြောင်း ဦးဝင်းအောင်ခန့်က ပြောပါတယ်။ လက်ရှိကာလတွင် ပြည်တွင်းမှမူဆယ်သို့ တက်လာသည့်ယာဉ်အစီးရေ လိုအပ်သည်ထက်လျော့နည်းနေသေးသည်ဟု ၎င်းကဆိုပါတယ်။

**Source : 7 Day Daily**

https://www.logisticsguide.com.mm/en/industry-news/transportation/2364-truck-transport-of-goods-are-rare-muse-mandalay-

## STOCK EXCHANGE (11.9.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 11th Sep. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 11,500 | 1,420 | 16,854,000 | 27,112,747 | 325,353 |
| MTSH | 00002 | 4,400 | -100 | -2.22% | 4,500 | 4,500 | 4,400 | 4,982 | 22,237,000 | 38,929,150 | 171,288 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 125 | 1,050,000 | 10,400,986 | 87,368 |
| FPB | 00004 | 25,500 | +0 | +0.00% | 25,500 | 25,500 | 25,500 | 580 | 14,790,000 | 2,472,053 | 63,037 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 529 | 1,613,450 | 12,823,224 | 39,111 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 501.09 | -2.85 | -0.57% | 503.94 | 503.94 | 494.04 | 7,636 | 56,544,450 | 5 | 686,157 |

**Index chart**




## Market Overview

As of 1:00 pm, 11th Sep. 2019

| MYANPIX | 501.09 ▼ 2.85 |
|---|---|
| Total Volume (shares) | 7,636 |
| Total Value (MMK) | 57 mil |
| Listed Company | 5 |
| Market Cap. (MMK) | 686,157 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 4,400 | ▼ 100 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 25,500 | ▲ 0 |
| TMH | 00005 | 3,050 | ▲ 0 |